MYANMAR ECONOMIC MONITOR

JULY 2022

REFORMS REVERSED

EXECUTIVE SUMMARY

ENGLISH/MYANMAR

THE WORLD BANK
IBRD • IDA | WORLD BANK GROUP
East Asia & Pacific

မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ ဇူလိုင် ၂၀၂၂- အနှစ်ချုပ်

၂၀၂၂ ခုနှစ် အစကတည်းကပင် မြန်မာ့စီးပွားရေးသည် သိသိသာသာဆိုးရွားသော ပြည်တွင်းပြည်ပ အကျပ်အတည်းနှင့် ဆက်တိုက်ဆိုသလို ရင်ဆိုင်နေခဲ့ရသည်။ ယူကရိန်းစစ်ပွဲကြောင့် လောင်စာဆီနှင့် ဓါတ်မြေသြဇာ ဈေးနှုန်းများ မြင့်တက်လာခြင်းက ကုန်ပစ္စည်းအမျိုးအစားများစွာနှင့် ဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်စေခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် ကုန်ထုတ်လုပ်ငန်းများ အားလုံး၏ သွင်းကုန်အင်အားစု ဈေးနှုန်းများ ထိုးတက်သွားစေခဲ့ပြီး ငွေကြေးဖောင်းပွမှု ကြီးထွားလာကာ အမှန် အိမ်ထောင်စုဝင်ငွေ (real household income) ကို များစွာထိခိုက်စေခဲ့သည်။ ပြည်တွင်း လျှပ်စစ်ဓါတ်အား ပြတ်တောက်မှုကြောင့် နိုင်ငံအနှံ့ရှိ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေပြန်သည်။ တောင်ပိုင်းနှင့် မြောက်ပိုင်း ဒေသများတွင် လုံခြုံရေးအခြေအနေ ဆိုးရွားလာမှုအပြင် ချင်းပြည်နယ်နှင့် အလယ်ပိုင်းခြောက်သွေ့ရပ်ဝန်းဒေသတို့တွင် ပဋိပက္ခများ ပြင်းပြင်းထန်ထန် ဖြစ်ပွားနေခဲ့သည်။ ယင်းကြောင့် စီးပွားရေးလုပ်ငန်းဆောင်တာများကို နှောင့်နှေးစေကာ ၂၀၂၂ ခုနှစ် မေလတွင် ကမ္ဘာ့ဘဏ်က လေ့လာစစ်တမ်း ကောက်ယူခဲ့သည့် စီးပွားရေးလုပ်ငန်းများအားလုံး၏ ငါးပုံတစ်ပုံ (နှင့် စိုက်ပျိုးရေး လုပ်ငန်းများ၏ ငါးပုံနှစ်ပုံ)က ၎င်းတို့ စီးပွားရေးလုပ်ငန်းများ လည်ပတ်ရာတွင် ပဋိပက္ခအခြေအနေများက အကြီးမားဆုံး စိန်ခေါ်မှုဖြစ်နေကြောင်း ဖော်ပြခဲ့ကြသည်။

အဆိုပါအကျပ်အတည်းများ ရှိနေစေကာမူ စီးပွားရေး၏ အချို့သောအစိတ်အပိုင်းများ၌ အတန်ငယ်တည်ငြိမ်လာမှု နှင့် ပြန်လည်သက်ဝင်လာမှု အနည်းငယ်ကို ၂၀၂၁ ခုနှစ် နှောင်းပိုင်းတွင် တွေ့ရှိခဲ့ရသည့်အတွက် မြန်မာ့စီးပွားရေး လုပ်ငန်းများ၏ ကြံ့ကြံ့ခံနိုင်ရည်နှင့် လိုက်လျောညီထွေ လုပ်ဆောင်နိုင်စွမ်းရှိမှုကို ထင်ဟပ်နေသည်။ စီးပွားရေးလုပ်ငန်းများသည် အထူးသဖြင့် ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် ၂၀၂၁ ခုနှစ်ကထက် ၂၀၂၂ ခုနှစ်တွင် ပိုမို မြင့်တင်လည်ပတ်နေခဲ့ကြောင်း တင်ပြခဲ့ကြသည်။ ကုန်ထုတ်ဝယ်ယူညွှန်းကိန်း (Purchasing Managers' Index) သည် ကာလကြာရှည် ကျုံ့နေခဲ့ရာမှ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်တွင် neutral အဆင့်သို့ရောက်ရှိခဲ့သည်။ အဓိကအားဖြင့် ပြင်ပဝယ်လိုအားအပေါ် မှီခိုနေရသည့် အထည်ချုပ်လုပ်ငန်းရှင်များ အတော်အသင့် ပြန်လည် သက်ဝင်လာခဲ့ပြီး ၂၀၂၁ ခုနှစ် နှစ်လယ်ကတည်းက ကုန်ထုတ်ပို့ကုန် မြင့်တင်လာနိုင်သည်ကို တွေ့ရသည်။ ပြီးခဲ့သည့်နှစ်က ကာလကြာရှည် ရပ်နားခဲ့ရသည့် စီမံကိန်းများစွာ ပြန်လည်စတင်ခဲ့ခြင်းကြောင့် ဆောက်လုပ်ရေး လုပ်ငန်းများ ပြန်လည်လှုပ်ရှားလာခဲ့သည်။ အဆိုပါ စီးပွားရေးလုပ်ငန်းများ လှုပ်ရှားလာမှုသည် ကူးသန်းသွားလာမှု မြင့်မားလာခြင်းကြောင့်ဖြစ်ပြီး လုပ်ငန်းခွင်များ ပြန်လည်သက်ဝင်လာမှုသည် ၂၀၂၁ ခုနှစ်တွင် သိသိသာသာ ထိုးကျသွားခဲ့ရာမှ ဇွန်လ ကိုဗစ်လှိုင်းကူးစက်မှု မပြင်းထန်ခင်အခြေအနေသို့ ပြန်လည်ရောက်ရှိလာသည်။ ကိုဗစ် - ၁၉ စတုတ္ထလှိုင်းကူးစက်မှုမှာ ဇန်နဝါရီလတွင် မျှော်မှန်းခဲ့သည်ထက် ပိုမို လျော့နည်းခဲ့ပြီး ထုတ်ပြန်ထားသည့် ကူးစက်ခံရမှု အရေအတွက် (ရောဂါပြင်းထန်မှုအခြေအနေ) တို့မှာ ၂၀၂၁ ခုနှစ် နှစ်လယ် တွင်ဖြစ်ပွားခဲ့သည့် တတိယလှိုင်းကူးစက်မှုထက် သိသိသာသာ လျော့နည်းခဲ့သည်။

သို့သော် အမှန်အိမ်ထောင်စု ဝင်ငွေလျော့နည်းလာခြင်းက ပြည်တွင်းဝယ်လိုအားကို များစွာ ထိခိုက်စေသဖြင့် အခြားသော စီးပွားရေးလုပ်ငန်းကဏ္ဍများနှင့် ဝန်ဆောင်မှုများမှာ ဆက်လက်အားနည်းလျှက်ပင် ရှိနေသေးသည်။ လက်လီနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် သက်ဝင်လှုပ်ရှားမှု ရှိလာသော်လည်း ကမ္ဘာ့ဘဏ်၏ ၂၀၂၂ ခုနှစ် ဧပြီလက ပြုလုပ်ခဲ့သည့် အိမ်ထောင်စုစစ်တမ်းအရ အမှန် ဝယ်ယူသုံးစွဲခြင်း (real consumption) အထူးသဖြင့် စားသုံးကုန်မဟုတ်သော ၊ မရှိမဖြစ်မဟုတ်သော ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းမှာ ယခင်နှစ်ကထက် ပိုမိုကျဆင်းလာခဲ့ကြောင်း တွေ့ရသည်။ အိမ်ထောင်စုစစ်တမ်းအရ အိမ်ထောင်စု၊ လယ်ယာနှင့် စီးပွားရေးလုပ်ငန်းများ၌ အလုပ် လက်မဲ့ဖြစ်မှု၊ အလုပ်ချိန် လျော့နည်းသွားမှု နှင့် လုပ်ခ လစာလျော့နည်းလာမှု ကြောင့် အိမ်ထောင်စုဝင်ငွေ (nominal household income) လျော့နည်းစေခဲ့သည်။ အမှန်အိမ်ထောင်စုဝင်ငွေ (real household income) သည် ငွေကြေးဖောင်းပွနှုန်း

မြင့်တက်လာမှုကြောင့် ပိုမို လျော့ကျလာခဲ့ရာ နောက်ဆုံးရရှိသည့် အချက်အလက်များအရ မတ်လတွင် အစားအစာနှင့် လောင်စာဆီဈေးနှုန်းများ ထိုးတက်သွားခဲ့သဖြင့် CPI ဖောင်းပွနှုန်းမှာ ၁၇.၃ ရာခိုင်နှုန်း (yoy) ရှိခဲ့ သည်။ မေလ ၂၀၂၂ ခုနှစ် စီးပွားရေးလုပ်ငန်းများ စစ်တမ်းအရ ပုဂ္ဂလိက စားသုံးနိုင်စွမ်းအားနည်းလာကြောင်း အတည်ပြုခဲ့ပြီး လက်လီနှင့် လက်ကား အရောင်းများသည် ယခင်နှစ်ကထက် လေးပုံတစ်ပုံကျော် ကျဆင်းသွားခဲ့ကြောင်း တွေ့ရသည်။

မြင့်တက်လာသော ကုန်ဈေးနှုန်းများက စီးပွားရေးလုပ်ငန်းများအားလုံးကို ထိခိုက်စေကာ အမြတ်အစွန်းရရှိမှု ကျဆင်းသွားစေခဲ့သည်။ ယူကရိန်းစစ်ပွဲကြောင့် ကမ္ဘာလုံးဆိုင်ရာ လောင်စာဆီဈေးနှုန်းမြင့်တက်လာခြင်းက ပြည်တွင်း လောင်စာဆီဈေးနှုန်းများနှင့် သယ်ယူပို့ဆောင်ရေး စရိတ်များမြင့်တက်စေခဲ့သလို လျှပ်စစ်ဓါတ်အား ပြတ်တောက်မှု များကြောင့် ဒီဇယ်မီးစက်များ သုံးစွဲရသည့် ကုန်ကျစရိတ်ကလည်း ထပ်လောင်းဖိစီးစေခဲ့သည်။ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်တွင် ပြည်တွင် လောင်စာဆီဈေးနှုန်း ၇၀ ရာခိုင်နှုန်းခန့် မြင့်တက်သွားခဲ့သည်။ ကျပ်ငွေတန်ဖိုး လျော့ကျသွားခြင်း ၊ ကုန်ကြမ်းကွင်းဆက် ပြတ်တောက်ခြင်း နှင့် သယ်ယူပို့ဆောင်ရေးစရိတ်မြင့်တက်လာမှု အကျိုးဆက်များကြောင့် သွင်းကုန် အမျိုးအစားများစွာ ဈေးနှုန်းကြီးမြင့်သွားခဲ့ပြီး ပင်ကိုကပင် နည်းပါးလှသည့် အမြန်အစွန်းပမာဏကို ထပ်မံကျုံ့သွား စေခဲ့သည်။ ဓါတ်မြေဩဇာဈေးနှုန်းများနှင့် အခြားသော စိုက်ပျိုးရေး သွင်းအားစုများ ဈေးနှုန်းမြင့်တက်လာခြင်းကြောင့် အသုံးပြုသည့် ပမာဏ သိသိသာသာလျော့ကျသွားခဲ့သဖြင့် သီးနှံအထွက်နှုန်းကို ထိခိုက်စေနိုင်ပြန်သည်။

သာမန်စာရင်းလိုငွေ (current account deficit) ကျဥ်းမြောင်းလာသော်လည်း ပြင်ပ ပေးချေငွေလက်ကျန်စာရင်း ဖိအား ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ သာမာန်စာရင်း လိုငွေ (current account deficit) သည် ကုန်သွယ်မှုလိုငွေ ပိုမိုကျပ်တည်းသွားခြင်း (၂၀၂၁ ဘဏ္ဍာနှစ်တွင် ပို့ကုန်လျော့နည်းသွားခြင်းသည် သွင်းကုန်လျော့နည်းသွားခြင်းထက် ပိုမိုသာလွန်သွားခြင်း)၊ ခရီးသွားနှင့် အခြားသော ဝန်ဆောင်ခရရှိမှုများ သိသိသာသာ ထိုးကျသွားခြင်း နှင့် ပြည်ပမှ လွှဲပို့ငွေ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခြင်းတို့ ကြောင့် စက်တင်ဘာ ၂၀၂၁ ခုနှစ်တွင် အဆုံးသတ်သည့် ဘဏ္ဍာနှစ်တွင် ကျဆင်းခဲ့သည်။ ထိုမှုသာမက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ယခင်နှစ်ကထက် သုံးပုံနှစ်ပုံခန့်အထိ ကျဆင်းသွားခြင်း၊ နိုင်ငံခြားငွေကြေး အမြောက်အများ စီးထွက်သွားခြင်း၊ တစ်နှစ်ပတ်လုံး အခြားသော အသားတင်ငွေကြေးစီးဝင်မှုများ ထိုးကျသွားခြင်းတို့ကြောင့် ဘဏ္ဍာငွေစာရင်းများအပေါ် ပိုမိုပြင်းထန်သော ဖိအားများ ဖြစ်ပေါ်လာခဲ့သည်။ အားလုံးပေါင်းဆုံလိုက်သည့်အခါ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံခြားသုံးငွေ သီးသန့်အရန်ငွေ အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့် သိသိသာသာ လျော့နည်းသွားခဲ့သည်။ အဆိုပါ အခြေအနေအတိုင်း ဆက်လက်ဖြစ်ပွားနေခဲ့သည့်အတွက် ၂၀၂၂ ခုနှစ် နှစ်လယ်တွင် နိုင်ငံခြားငွေကြေး သီးသန့်အရန်ငွေ ပမာဏမှာ (အချို့အရန်ငွေများကို နိုင်ငံခြားပိတ်ဆို့အရေးယူမှုများကြောင့် ထုတ်ယူ၍မရခြင်း) မလုံလောက်သည့် ပမာဏအထိ ထိုးကျသွားပြီဟု ခန့်မှန်းရသည်။ လတ်တလော ရရှိသည့် အချက်အလက်များအရ သွင်းကုန် ကုန်ပစ္စည်းများ၏ အမေရိကန်ဒေါ်လာတန်ဖိုးသည် ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်ကာလ ပြည်ပပို့ကုန် ပမာဏထက် ကျော်လွန်နေသည်။ အကြောင်းရင်းမှာ ကုန်ကြမ်းသွင်းကုန် ပမာဏမြင့်တက်လာခြင်း နှင့် FDI ကတိကဝတ်များ ဆက်လက်အားနည်းနေဆဲ ဖြစ်ခြင်း ကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ အသားတင် ကုန်သွယ်စီးဆင်းမှုသော်လည်းကောင်း၊ FDI စီးဝင်မှုများသည် လည်းကောင်း ယခုနှစ် **ပေးချေငွေလက်ကျန်စာရင်း** ကိုပံ့ပိုးပေးနိုမ်နိုင်ခြင်း မရှိကြောင်း တွေ့ရသည်။

ယခင်ပြုပြင်ပြောင်းလဲထားသည့် မူဝါဒများကို ပြောင်းပြန်လှန်လိုက်ခြင်းဖြင့် ပြင်ပဖိအားများ ပိုမိုမြင့်တက်လာခဲ့သည်။ မက်ခရို စီးပွားရေး စီမံခန့်ခွဲမှုတွင် ယခင်ရရှိပြီးသား တိုးတက်မှုများအား ပြောင်းပြန်လှန်ပစ်လိုက်သကဲ့သို့ပင် အာဏာပိုင်များသည် နိုင်ငံခြားငွေလဲလှယ်နှုန်း နှုန်းရှင်ထားရှိမှုကို ဖယ်ရှားလိုက်ကာ ဈေးကွက် ဝယ်လိုအား နှင့် ရောင်းလိုအားတို့ကို ထည့်သွင်းစဥ်းစားခြင်းမရှိပဲ တရားဝင် နိုင်ငံခြားငွေလဲလှယ်နှုန်း နှုန်းသေကို သတ်မှတ်ခဲ့သည်။

နိုင်ငံခြားငွေလဲလှယ်မှု ဖိအားကို ကိုင်တွယ်ဖြေရှင်းရန် အာဏာပိုင်များသည် နိုင်ငံခြားငွေလဲလှယ်ရာတွင် ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့သည်။ ယင်းကြောင့် အမေရိကန်ဒေါ်လာ ရှားပါးမှု ဖြစ်ပေါ်စေခဲ့ပြီး တရားဝင် သတ်မှတ်နှုန်းနှင့် ပြင်ပ ဈေးကွက် ပေါက်ဈေးများ (ဇူလိုင်လလယ်တွင် ဈေးနှုန်းကွာဟမှုမှာ ၂၀ ရာခိုင်နှုန်းအထိ ဖြစ်ပေါ်ခဲ့) ကွာဟမှု ကြီးထွားလာစေခဲ့သည်။ သွင်းကုန်လိုင်စင်လျှောက်ထားရန် သတ်မှတ်ချက်များ တင်းကျပ်လိုက်ခြင်း နှင့်အတူ အဆိုပါ နိုင်ငံခြားငွေ လဲလှယ်မှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် ပြည်တွင်း လောင်စာဆီဈေးကွက်ကို အထူးသဖြင့် အကျိုးသက်ရောက်စေခဲ့ပြီး လောင်စာဆီ ပြတ်တောက်ခြင်းနှင့် အာဏာပိုင်များ၏ လောင်စာဆီဈေးနှုန်းကို ထိန်းချုပ်ရန်ကြိုးစားမှုများအား ရှောင်ရှားရန် အလို့ငှာ မှောင်ခိုလောင်စာဆီဈေးကွက် ပေါ်ထွန်းလာခဲ့သည်။ တစ်ချိန်တည်းတွင်ပင် နိုင်ငံခြားငွေဖြင့် ရရှိသော ဝင်ငွေများကို ကျပ်ငွေသို့ မဖြစ်မနေ ပြောင်းလဲစေခြင်းနှင့် နိုင်ငံခြားငွေကြေးများ အပ်နှံခြင်း ဆိုင်ရာ စည်းကမ်းချက်များ (အာမခံငွေပေးသွင်းရခြင်းများ) ကို ဧပြီလက ထုတ်ပြန်ခဲ့သဖြင့် ပို့ကုန်သမားများအား လက်ငင်း အခွန်အတုတ်များ ဖြစ်စေလျှက် စိုက်ပျိုးရေး ပို့ကုန် ပြင်ပဈေးကွက် ယှဉ်ပြိုင်မှုကို ဆိုးရွားစွာ ထိခိုက်စေခဲ့သည်။ မကြာသေးခင် ဗဟိုဘဏ် က ဘဏ်များအား ပြည်ပကြွေးမြီ ပေးဆပ်မှုများအား ယာယီရပ်ဆိုင်းခြင်းကို လုပ်ဆောင်ရန် ညွှန်ကြားချက်သည် ပြင်ပ ငွေကြေးစီးဆင်းမှုကို လျော့ကျသွားစေရန် ရည်ရွယ်ခြင်းဖြစ်သော်လည်း အမှန်တကယ် အကောင်အထည်ဖော် ကျင့်သုံးပါက မြန်မာ့ကော်ပိုရေးရှင်းများနှင့် ငွေရေးကြေးရေးကဏ္ဍ၏ ချေးငွေယုံကြည်စိတ်ချရမှုနှင့် ဈေးကွက် ချိတ်ဆက်မှုတို့ကို ကျဆင်းသွားစေနိုင်ဖွယ်ရှိသည်။

ငွေသားစီးဆင်းမှု အကျပ်အတည်းများ လျော့နည်းစပြုနေပြီ ဖြစ်သော်လည်း ချေးငွေဆိုင်ရာ ဂယက်ရိုက်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်နေသောကြောင့် ငွေရေးကြေးရေးကဏ္ဍ ရသုံးငွေစာရင်းများသည် ထိခိုက်လွယ်သည့် အခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ လုပ်ငန်းကိုယ်စားလှယ်များနှင့် ဆွေးနွေးမှုများအရ ပေးချေနိုင်ခြင်းမရှိသည့် ကြွေးမြီနှင့် ချေးငွေမပေးဆပ်သည့်နှုန်း မြင့်မားကြောင်း၊ ၂၀၂၀ ခုနှစ် ကမ္ဘာ့ကပ်ရောဂါ စတင်ခဲ့သည့် အချိန်ကပင် မြင့်တက်လာနေခဲ့ခြင်း ဖြစ်ကြောင်း၊ ဘဏ်များက မြီစားတစ်ယောက်ချင်းစီအား ချေးငွေ ပြန်ပေးဆပ်မှု ဆိုင်းငံ့ခြင်းနှင့် ပေးဆပ်ချိန် ပြင်ဆင်ပေးခဲ့ကြောင်း တွေ့ရှိရသည်။ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအရည်အသွေး ကျဆင်းလာခြင်းကြောင့် ချေးငွေသစ်ချပေးခြင်းကို သတိကြီးစွာထား၍ ဆောင်ရွက်နေကြသည်။ ငွေထုတ်ယူရာတွင် အကန့်အသတ်များ ဆက်လက်တည်ရှိနေသော်လည်း ဘဏ်ငွေအပ်နှံမှု ပြန်လည်သက်ဝင် လာသောကြောင့် ATMs စက်များနှင့် ဘဏ်ခွဲများမှာ ငွေသားထုတ်ယူနိုင်မှု လွယ်ကူလာခဲ့သည်။

အရေးပါသည့် အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ငွေကြေးသုံးစွဲမှု လျော့ကျသွားခြင်းနှင့်အတူ ဘဏ္ဍာရေးအခြေအနေများ ဆက်လက်ဆိုးရွားနေခဲ့သည်။ အခွန်ငွေရရှိမှုမှာ ၂၀၂၀ ဘဏ္ဍာနှစ်တွင် GDP ၏ ၆.၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ် ဘဏ္ဍာနှစ်တွင် ၄.၉ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ ကြီးမားသော နိုင်ငံတော်ပိုင် စွမ်းအင် စီးပွားရေးလုပ်ငန်းများ (SEEs) တွင် အရှုံးပေါ်ခြင်းသည် စုစုပေါင်း မြန်မာကျပ်ငွေဖြင့် ဝင်ငွေကျဆင်းမှုပမာဏ (nominal kyat terms)၏ ၃၀ ရာခိုင်နှုန်းနီးပါး ရှိသည်။ ဘဏ္ဍာရေးလိုငွေသည် ၂၀၂၂ ခုနှစ် ဘဏ္ဍာနှစ်တွင် GDP ၏ ၉ ရာခိုင်နှုန်း ထိမြင့်တက်လာခဲ့ပြီး ဘက်ဂျက်သုံးစွဲနိုင်မှု အားနည်းသောကြောင့် သုံးစွဲနိုင်မှုလည်းကျဆင်းခဲ့သော်လည်း ဝင်ငွေလျော့ကျနှုန်းထက် နည်းပါးသည်။ အခြားသော ဘဏ္ဍာငွေထောက်ပံ့ပေးနိုင်မှု ရင်းမြစ်များ လျော့နည်းလာခြင်းကြောင့် ဗဟိုဘဏ် ထောက်ပံ့မှုကို ပြန်လည်မှီခိုရကြောင်း တွေ့ရသဖြင့် ယခင် မက်ခရို ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲမှုများ၏ ဆန့်ကျင်ဖက်အခြေအနေ ဖြစ်လာကြောင်း တွေ့ရသည်။ ကျန်းမာရေး၊ ပညာရေး နှင့် သက်မွေးဝမ်းကျောင်းမှုများနှင့် လူသားရင်းမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လူမှုဖူလုံရေး ပြည်သူ့အသုံးစရိတ်များသည် အလွန်အရေးပါသော်လည်း အဆိုပါကဏ္ဍများတွင် ဘက်ဂျက်သုံးစွဲမှု လျော့ကျသွားခဲ့သလို ဘဏ္ဍာငွေခွဲဝေချထားပေးမှုမှာလည်း သိသိသာသာ လျော့ကျခဲ့သည်။

ကိုဗစ်-၁၉ ရောဂါနှင့် စစ်အာဏာသိမ်းမှုနောက်ဆက်တွဲ အကျိုးဆက်များသည် အနည်းဆုံး ဆယ်စုနှစ်တစ်ခုနီးပါး ကြိုးပမ်းခဲ့သည့် ဆင်းရဲမှု လျှော့ချရေး အားထုတ်မှုများကို ဖျက်ဆီးလိုက်သည်။ နောက်ဆုံးရရှိသည့် အချက်အလက်များအရ ခန့်မှန်းချက်များမှာ ဆင်းရဲမှုနှုန်းသည် ၂၀၂၀ ခုနှစ် မတ်လတွင်ရှိနေသော အဆင့်ထက် နှစ်ဆအထိဖြစ်လာကာ ၂၀၂၂ ခုနှစ်တွင် စုစုပေါင်း လူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် ဆင်းရဲမှုမျဉ်းအောက်သို့ ကျရောက်နေခဲ့သဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ်က ဆင်းရဲမှု အဆင့်သို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်သည်။ ယခင် ဆင်းရဲနွမ်းပါးသူများသည် ယခုအခါ ပိုမိုဆိုးရွားသည့် အခြေအနေသို့ကျရောက်ကာ မညီမျှမှုများ ပိုမိုဆိုးရွားလာမည်ဟု ခန့်မှန်းသည်။ ထို့ပြင် အိမ်ထောင်စု စစ်တမ်းအချက်အလက်များအရ ပြီးခဲ့သည့် ၁၈ လတာကာလအတွင်း လုပ်သားများ ဝန်ဆောင်မှုကဏ္ဍမှ ထွက်ခွာ၍ စိုက်ပျိုးရေးကဏ္ဍသို့ ပြန်လည်ဝင်ရောက်သွားကြောင်း တွေ့ရှိရသဖြင့် အလုပ်အကိုင်ဆုံးရှုံးမှုများကြောင့် မြို့ပြမှ ကျေးလက်သို့ ရွှေ့ပြောင်းသွားလာမှု ပြုလုပ်နေကြကြောင်း ဖော်ပြနေသည်။ သို့ရာတွင် စိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန် လျော့ကျမှုကြောင့် လုပ်သားများ ကုန်ထုတ်လုပ်နိုင်မှုကို ကျဆင်းစေနိုင်ခြင်း၊ တစ်ဆက်တည်း အိမ်ထောင်စုဝင်ငွေ ကျဆင်းခြင်းတို့ ဖြစ်စေပါသည်။ အိမ်ထောင်စု ဝင်ငွေကျဆင်းလာခြင်းနှင့် အစားအစာနှင့် လောင်စာဆီ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ချေးငွေရရှိနိုင်မှု/ ငွေသားစီးဆင်းမှု အကျပ်အတည်းများကြောင့် စားနပ်ရိက္ခာ မပြည့်စုံမှု အန္တရာယ်ကို မြင့်မားစေမည်ဖြစ်သည်။ အဆိုပါ ဘေးအန္တရာယ်များသည် တစ်အိမ်ထောင်စာ ဖူလုံရုံစိုက်ပျိုးထုတ်လုပ်မှု များလာခြင်းကြောင့်လည်း တစ်စိတ်တပိုင်း သက်ဆိုင်သည်ဟု ဆိုနိုင်သည်။ အိမ်ထောင်စုစစ်တမ်းများအရ ဖြေရှင်းနိုင်သည့်နည်းလမ်းများ တဖြည်းဖြည်းပါးရှားလာပြီး အိမ်ထောင်စုအားလုံး၏ ထက်ဝက်ခန့်က အစားအစာ မဟုတ်သော ပစ္စည်းများသုံးစွဲမှုကို လျော့ချဖြတ်တောက်ရကြောင်း၊ ဝင်ငွေရရှိနိုင်မှု သိသိသာသာနည်းပါးလာခြင်းကြောင့် အစားအစာများကိုပင် လျှော့ချ စားသုံးရကြောင်း၊ မိတ်ဆွေများနှင့် ဆွေမျိုးများထံမှ ချေးငှားရကြောင်း၊ ပစ္စည်းများ ရောင်းချရကြောင်း တွေ့ရှိရသည်။ ၂၀၂၀ ခုနှစ်ကတည်းက သက်မွေးဝမ်းကျောင်းရေး အခက်အခဲများ ပိုမိုကြီးမားလာခဲ့ပြီး ပြည်သူ့အထောက်အပံ့ကဏ္ဍ လုံးဝကျဆင်းသွားခဲ့ကာ ၂၀၂၂ ခုနှစ် မေလတွင် မည်သည့်အိမ်ထောင်စုကမျှ လူမှုဖူလုံရေးထောက်ပံ့မှု မည်သည့်ပုံစံမျိုးကိုမျှ ရရှိခြင်း မရှိကြောင်း တင်ပြခဲ့ကြသဖြင့် ၂၀၂၀ ခုနှစ် အောက်တိုဘာလက အိမ်ထောင်စုများ၏ ၄၃ ရာခိုင်နှုန်းက ငွေကြေးထောက်ပံ့မှု ရရှိခဲ့ခြင်းနှင့် ဆန့်ကျင်ဖက်ဖြစ်ကြောင်းတွေ့ရသည်။

ပြည်တွင်းပြည်ပ အခက်အခဲအကြပ်အတည်းများ ဆက်လက်ရှိနေသည့်အတွက် ၂၀၂၂ ခုနှစ် ဘဏ္ဍာနှစ်တွင် စီးပွါးရေး အတော်အသင့်သာနာလန်ထူလာနိုင်မည်ဟု ခန့်မှန်းသည့်အတွက် ဝင်ငွေနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ အခက်အခဲများ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ ၂၀၂၁ ဘဏ္ဍာနှစ်တွင် ၁၈ ရာခိုင်နှုန်းကျုံ့သွားမည်ဟု ခန့်မှန်းထားခဲ့သော GDP သည် ၂၀၂၂ ခုနှစ် စက်တင်ဘာအရောက်တွင် ၃ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။ ၂၀၂၂ ဘဏ္ဍာနှစ်တွင် သိသိသာသာ ပြန်လည်ထူထောင်လာခြင်းမရှိသောကြောင့် GDP သည် ၂၀၁၉ ခုနှစ်ထက် ၁၃ ရာခိုင်နှုန်း လျော့နည်းနေဆဲဖြစ်သဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအား အကျပ်အတည်းများက စီးပွားရေးလုပ်ငန်းများကို ဆက်လက်သက်ရောက်နေဦးမည် ဖြစ်သည်။ ဇန်နဝါရီလ MEM အစီရင်ခံစာပါ တိုးတက်မှု ၁ ရာခိုင်နှုန်းခန့် မှသည် အနည်းငယ်မျှ ထပ်တက်လာနိုင်သည်ဟူသော ခန့်မှန်းရခြင်းမှာ ဖေဖော်ဝါရီနှင့် မတ်လများအတွင်း ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ စတုတ္ထလှိုင်းသက်ရောက်မှု မျှော်မှန်းထားသကဲ့သို့ မပြင်းထန်ခဲ့သောကြောင့် ဖြစ်သည်။ ကုန်ထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍများက ယခုနှစ် အထိုက်အလျောက်တိုးတက်မှုကို အဓိက တွန်းအားပေးမည့် ကဏ္ဍများဖြစ်မည်ဟု မျှော်မှန်းရပြီး ဝန်ဆောင်မှုကဏ္ဍ လုပ်ငန်းများမှာမူ ဝယ်လိုအား နည်းမှုကြောင့် ခက်ခဲနိုင်ကာ စိုက်ပျိုးရေးထုတ်ကုန်များမှာမူ သွင်းအားစု ဈေးနှုန်းများမြင့်တက်ခြင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေးအခက်အခဲများနှင့် ပဋိပက္ခများက အတားအဆီး ဖြစ်စေပါလိမ့်မည်။ ငွေကြေးဖောင်းပွနှုန်းမှာ ကမ္ဘာ့ကုန်စည်ဈေးနှုန်းများ မြင့်မားနေခြင်း၊ ကျပ်ငွေတန်ဖိုး ကျဆင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေး အခက်အခဲများကြောင့် ဆက်လက်မြင့်မားနေမည်ဟုခန့်မှန်းပြီး ပျမ်းမျှအားဖြင့် ၂၀၂၂ ဘဏ္ဍာနှစ်တွင် ၁၅ ရာခိုင်နှုန်း

(တစ်နှစ်ထက် တစ်နှစ် ငွေကြေးဖောင်းပွနှုန်းမှာ ဒုတိယနှစ်ဝက်တွင် အမြင့်ဆုံးဖြစ်) ရှိနိုင်သည်။ သာမန်စာရင်းလိုငွေ (current account deficit) သည် အနည်းငယ် ပိုမိုကျွာဟလာနိုင်ပြီး ပြည်ပသွင်းကုန်ပမာဏသည် ပို့ကုန်ပမာဏထက် ပိုမိုကာ ဝန်ဆောင်မှုကဏ္ဍမှာမူ ဆက်လက်အားနည်းနေမည်ဟု ခန့်မှန်းသည်။ ဘဏ္ဍာလိုငွေသည် စက်တင်ဘာ ၂၀၂၂ အထိ ဆယ့်နှစ်လတာ ကာလအတွင်း ဆက်လက်မြင့်တက် နေဦးမည်ဖြစ်သည်။ ၂၀၂၁ ဘဏ္ဍာနှစ်တွင် အသုံးစရိတ်နှင့် အခွန်ဝင်ငွေ ရရှိမှု သိသိသာသာ ဆိုးရွားလာခဲ့ပြီး နောင် ၁၂ လတာကာလတွင်လည်း အနည်းငယ်သာ တိုးတက်လာလိမ့်မည်ဟု ခန့်မှန်းသည်။

ဇယား (၁): စီးပွားရေး အချက်အလက်များနှင့် ၂၀၂၂ ဘဏ္ဍာနှစ် ခန့်မှန်းချက်များ

	၁၇/၁၈ ဘဏ္ဍာနှစ်	**၁၈/၁၉ ဘဏ္ဍာနှစ်**	**၁၉/၂၀ ဘဏ္ဍာနှစ်**	**၂၀/၂၁ ဘဏ္ဍာနှစ်**	**၂၁/၂၂ ဘဏ္ဍာနှစ်ဝက်**
constant factor prices ဖြင့် အမှန် GDP တိုးတက်မှု	၆.၄ %	၆.၈ %	၃.၂%	-၁၈%	၃%
ငွေကြေးဖောင်းပွနှုန်း (Consumer Price Index), နှစ်စဉ်ပျမ်းမျှ	၅.၉ %	၈.၅ %	၅.၈ %	၃.၆%	၁၅.၀%
သာမာန်စာရင်း (Current Account Balance) (% of GDP)	- ၄.၇%	-၀.၂ %	-၂.၀%	-၁.၄%	-၁.၆%
Fiscal Balance (% of GDP)	-၂.၉%	-၃.၂ %	-၇.၀%	-၉.၂%	-၇.၅%

၂၀၂၂ ခုနှစ်နောက်ပိုင်း အခြေခံမျှော်မှန်းချက်သည် ဆက်လက်အားနည်းနေဆဲဖြစ်သည်။ တစ်ဖက်တွင် လျှပ်စစ်ဓါတ်အား ပြတ်တောက်မှုသည် မိုးရာသီတွင် အနည်းငယ် လျော့ပါးလာခြင်း (ထောက်ပံ့ပေးနိုင်ရန် ဖွဲ့စည်းပုံဆိုင်ရာ အဟန့်အတားများ ဆက်ရှိနေသော်လည်း)၊ ငွေသားစီးဆင်းမှု ပိုမိုလွယ်ကူလာခြင်း၊ ကူးသန်းသွားလာမှု တိုးတက်လာခြင်း၊ အဓိက မြို့ကြီးများတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည် သက်ဝင်လာခြင်းတို့သည် ပုံမှန် အရိပ်လက္ခဏာများဖြစ်သည်။ တစ်နည်းအားဖြင့် အချို့နေရာများတွင် အနာဂါတ် စီးပွားရေးဆိုင်ရာ မျှော်လင့်ချက်များ ရောင်ခြည်သန်းလာနိုင်မည်ဟု မျှော်မှန်းရသည်။ သို့သော် အိမ်ထောင်စုဝင်ငွေ လျော့ကျလာခြင်း၊ ဖြေရှင်းနိုင်မည့် နည်းလမ်းများ ပိုမိုရှားပါး ကျပ်တည်းလာခြင်းတို့က သုံးစွဲနိုင်မှု တိုးမြင့်လာနိုင်ခြေကို ဟန့်တားထားသည်။ ကမ္ဘာ့လူသုံးကုန် ပစ္စည်းဈေးနှုန်းများ အတော်အတန် မြင့်တက်နေခြင်းနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းအပေါ် ဖိအားများရှိနေခြင်း၊ ပြည်တွင်း အစားအစာ၊ လောင်စာဆီ နှင့် အခြားသော သွင်းကုန် သွင်းအားစုဈေးနှုန်းများက ကာလတိုမှ ကာလလတ်အထိ ဆက်လက်မြင့်တက်နေဦးမည့်အလားအလာများ ရှိနေသဖြင့် ကုန်ထုတ်လုပ်ခြင်းနှင့် သုံးစွဲခြင်းအပေါ် အတားအဆီးဖြစ်စေမည်။ **ပေးချေငွေလက်ကျန်စာရင်း** (overall balance-of-payments) အခြေအနေမှာ ပိုမိုစိုးရိမ်စရာ ဖြစ်လာနေသည့်အပြင် အမေရိကန် ဒေါ်လာ ပြတ်တောက်မှုကြောင့် လောင်စာဆီ နှင့် စားဆီအပါအဝင် သွင်းကုန်အမျိုးအစား အတော်များများအပေါ် သက်ရောက်မှုရှိသည်။ အချို့သောနေရာများတွင် ပဋိပက္ခတိုက်ပွဲများပြင်းထန်လာကာ ကုန်ထုတ်လုပ်မှု အထူးသဖြင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုကို အတားအဆီးများ ဆက်လက် ဖြစ်ပေါ်နေမည်ဟု ခန့်မှန်းသည်။ အောက်တွင်ဖော်ပြထားသည့် မူဝါဒအခင်းအကျင်း ယိုယွင်းလာမှုနှင့်အတူ အဆိုပါ အကျပ်အတည်းဦးများကြောင့် မြန်မာ့စီးပွားရေးမျှော်မှန်းချက်သည် အားနည်းနေဆဲဖြစ်သည့်အပြင် အခြားသော ဘေးအန္တရာယ်များကြောင့် ထိခိုက်နိုင်ခြေမြင့်မားသဖြင့် ကာလတိုတွင် ကိုဗစ်-၁၉ မတိုင်ခင် စီးပွားရေး အခြေအနေသို့ ပြန်လည်ရောက်ရှိရန် အလှမ်းကွာဝေးလျှက်ရှိသည်။ ယင်းအချက်သည် ကျန် အရှေ့အာရှ နှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံများနှင့် ဖီလာဆန့်ကျင်ဖြစ်နေသည်။ ဒေသတွင်းနိုင်ငံကြီးများ အားလုံးတွင် GDP သည် ၂၀၁၉ ခုနှစ်အဆင့်ထက် ကျော်လွန်ရောက်ရှိပြီး သို့မဟုတ် ၂၀၂၃ တွင် ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

အဆိုး ထိခိုက်နိုင်ခြေအန္တရာယ်များ မြင့်တက်နေသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ အကျပ်အတည်းပေါ်ပေါက်နေပြီး နိုင်ငံခြားငွေကြေး အရန်ငွေ ပမာဏ နည်းပါးနိုင်ဖွယ်ရှိသဖြင့် ပြင်ပအခြေအနေများ ပိုမိုဆိုးရွားလာနိုင်ခြင်းက ပြင်းထန်သော ထိခိုက်နိုင်ခြေ အန္တရာယ်ဖြစ်သည်။ ယင်းက သွင်းကုန်ပမာဏနှင့် ဈေးနှုန်းတို့ကို နာကျင်ခံခက် ပြုပြင်ပြောင်းလဲမှုများ အဆောတလျင် လုပ်ဆောင်ရန်လိုအပ်နိုင်ပြီး ဆင်းရဲနွမ်းပါးဆုံး ၊ ထိခိုက်လွယ် ပြည်သူများကို ပိုမို ထိခိုက်စေပါလိမ့်မည်။ နိုင်ငံ၏အခြားသော ဒေသများသို့ ပဋိပက္ခ ပိုမိုကျယ်ပြန့်ပြင်းထန်လာနိုင်ခြေလဲ ရှိနေပါသည်။ ထိုသို့ ကျယ်ပြန့်ပြင်းထန်လာပါက ဝယ်လိုအားလျော့ကျခြင်း၊ သယ်ယူပို့ဆောင်ရေး အခက်အခဲများနှင့် ထောက်ပံ့ကွင်းဆက်များ ပြတ်တောက်ခြင်းတို့ ဖြစ်ပေါ်လာနိုင်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခက်အခဲကြီးမားလာပါလိမ့်မည်။ မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ တစ်ကျော့ပြန်ကူးစက်ခြင်း သို့မဟုတ် သဘာဝ ဘေးအန္တရာယ် စသည် အခြားသော ဘေးအန္တရာယ်များကြောင့် ထိခိုက်နိုင်ခြေမြင့်မားလှပြီး ရင်ဆိုင်ရပါက အာဏာပိုင်များ ကိုင်တွယ်ဖြေရှင်းရန် အကြီးအကျယ် အခက်တွေ့စေပါလိမ့်မည်။

လတ်တလော မူဝါဒ အပြောင်းအလဲများကြောင့် တိုးတက်မှုအလားအလာနှောင့်နှေးစေခြင်း၊ မက်ခရိုစီးပွားရေး တည်ငြိမ်မှုကို ဆိုးရွားစေခြင်း နှင့် ရင်းမြစ်များကို ထိရောက်စွာခွဲဝေအသုံးပြုနိုင်ခြင်း မရှိသောကြောင့် ကာလရှည် ဆိုးကျိုးသက်ရောက်မှု ဖြစ်နိုင်ဖွယ်ရှိသည်။ overvalued နိုင်ငံခြားငွေ လဲလှယ်နှုန်းသတ်မှတ်ခြင်း၊ နိုင်ငံခြားငွေလဲလှယ်မှုကို ထိန်းချုပ်ခြင်း နှင့် ပြည်ပကုန်သွယ်မှုဆိုင်ရာ ကန့်သတ်ချက်များသည် နိုင်ငံခြားငွေ ပြတ်တောက်မှုကို ဆိုးရွားစေပြီး မြန်မာ့ပို့ကုန် ဦးစားပေး ကုန်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၏ လုပ်ငန်းယှဉ်ပြိုင်နိုင်မှုကို ချည့်နဲ့စေသည်။ ထို့အပြင် ကြီးမားသည့် ဘဏ္ဍာလိုငွေများကို ဖြည့်ဆည်းရန် ဗဟိုဘဏ်၏ ပံ့ပိုးမှုကို ပြန်လည် မှီခိုရသည့်အတွက် ငွေကြေးဖောင်းပွမှုနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းတို့ကို ပိုမိုဆိုးရွားစေသည်။ သွင်းကုန် ၊ ပို့ကုန် ကုန်သွယ်လိုင်စင် သတ်မှတ်ချက်များ ပြင်ဆင်သတ်မှတ် တင်းကြပ်လိုက်ခြင်း၊ သွင်းကုန် ကန့်သတ်ခြင်းနှင့် ခွဲတမ်းဖြင့်သာ ခွင့်ပြုခြင်း၊ သံမဏိစက်ရုံများ ၊ နေကြာဆီထုတ်လုပ်ခြင်း ကဲ့သို့သော သွင်းကုန်အစားထိုး လုပ်ငန်းများအား ပံ့အောအထောက်အပံ့ပေးခြင်း စသည်တို့ဖြင့် သွင်းကုန်အစားထိုးခြင်းနှင့် ကိုယ့်အားကိုယ်ကိုး ပြည်တွင်းဖူလုံမှုကို အတင်းသွပ်သွင်းအားပေးခြင်းကြောင့် ကုန်ထုတ်လုပ်သမားများအတွက် လိုအပ်သည့် ကုန်ကြမ်းများအား ရရှိရန် အခက်အခဲဖြစ်ခြင်း၊ ကုန်သွယ်မှုအတွက် အုပ်ချုပ်စီမံခန့်ခွဲရေး ကုန်ကျစရိတ်များ ပိုမိုကျသင့်ခြင်းတို့ဖြစ်စေကာ စစ်အာဏာသိမ်းမှုမတိုင်ခင်က ဆယ်စုနှစ်တစ်ခုစာ မြန်မာ့စီးပွားရေး တိုးတက်မှု၏ အားကောင်းမောင်းသန် တွန်းအားများဖြစ်ခဲ့သော ပွင့်လင်းမှု ၊ ဖြေလျော့မှုတို့ကို ပြောင်းပြန်လှန်ပစ်လိုက်ခြင်းသာဖြစ်သည်။

အဆိုပါ မူဝါဒ အပြောင်းအလဲများသည် စီးပွားရေး စီမံခန့်ခွဲပုံ နည်းလမ်းများမှ များစွာသွေဖယ်၍ မြန်မာ့တိုးတက်မှု နှင့် ဖွံ့ဖြိုးမှုအလားအလာများအပေါ် ရေရှည်ထိခိုက်မှုများ ဖြစ်စေမည်ဟု ညွှန်ပြနေသည်။ အထက်တွင် ဖော်ပြထားသည့် သတ်မှတ်ချက်များသည် အာဏာပိုင်များအနေဖြင့် (နိုင်ငံခြားငွေကြေး လဲလှယ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ သွင်းကုန်လိုင်စင်၊ ကင်းလွတ်ခွင့် စည်းမျဉ်းစည်းကမ်းများ စသည်တို့ အပါအဝင်) မြန်မာ့စီးပွားရေးကဏ္ဍတွင် ရင်းမြစ်များ ခွဲဝေအသုံးပြုမှုကို ကြီးစွာထိန်းချုပ်ခွင့် ရနေစေပြီး ရင်းမြစ်များကို ထိရောက်စွာ အသုံးပြုရမည့်အစား ဆက်စပ်စီးပွားရေး လုပ်ငန်းများနှင့် ပုဂ္ဂိုလ်များထံ ရောက်ရှိသွားနိုင်မည့် အန္တရာယ် မြင့်တက်နေသည်။ လေ့လာသူများက တရားဥပဒေစိုးမိုးမှုနှင့်အညီ တည်ငြိမ်သော ဈေးကွက်အခြေပြုစနစ်မှသည် ဆက်သွယ်ဆောင်ရွက်ပုံ ရှင်းရှင်းလင်းလင်း မရှိသော၊ စည်းမျဉ်းစည်းကမ်းများ ကြပ်မတ်ရာတွင် အလျဉ်းသင့်သလို/အဆင်ပြေသလို ဆုံးဖြတ်သော စသည့် လက္ခဏာရပ်များရှိသည့် ခန့်မှန်းရခက်သည့် ပုံစံဖြင့် မူဝါဒများချမှတ်၍ စီမံခန့်ခွဲသည့် စနစ်သို့ သွေဖယ်ပြောင်းလဲသွားသည် ဟုမှတ်ချက်ပြုကြသည်[1]။ မြန်မာ့စီးပွားရေး သမိုင်းကြောင်း သင်ခန်းစာများအရ အဆိုပါပုံစံအတိုင်း ဆက်လက်သွားမည် ဆိုပါက ရင်းနှီးမြုပ်နှံသူများ၏ ယုံကြည်စိတ်ချမှု

[1] Economic Research Hub (May 2022), Myanmar's Economic Governance after the Coup: Changes in Policy and Practice.

အားနည်းနေဦးမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်ကို ဆက်လက်ထိခိုက်စေမည်ဖြစ်ကာ မြန်မာ့စီးပွားရေး တိုးတက်မှု အလားအလာများအား ကာလရှည်ကြာ အတားအဆီးဖြစ်စေတော့မည်ဖြစ်သည်။

World Bank Myanmar Economic Monitor: Executive Summary

Since the beginning of 2022, Myanmar's economy has faced a series of external and domestic shocks. The war in Ukraine has caused steep increases in global prices of fuel and fertilizer, which have passed through to a broader range of goods and services. This has led to a sharp rise in input costs across all industries, and fueled inflation which in turn further strained real household incomes. Domestic electricity shortages have also impacted households and businesses across the country. The security environment has deteriorated further in northern and southern regions, while Chin and the Dry Zone remain embroiled in severe conflict. This has disrupted economic activity, with one fifth of all firms (and two fifths of all agricultural firms) surveyed by the World Bank in May 2022 indicating that conflict was the most important challenge to their operations.

Notwithstanding these shocks, some parts of the economy have stabilized and even recovered somewhat since late 2021, demonstrating the resilience and adaptability of Myanmar's businesses. Firms have reported operating at higher capacity in 2022 than in 2021, particularly in the manufacturing sector. The manufacturing Purchasing Managers' Index reached neutral levels in the first half of 2022, after a long period of contraction. Garment manufacturers – mainly reliant on external demand –seem to have recovered relatively strongly, as demonstrated by the ongoing expansion in manufactured exports since mid-2021. Construction activity has also picked up as work on several projects has restarted after a long pause last year. This improvement in economic activity has been supported by a rise in mobility, with workplace mobility returning to pre-pandemic levels in June after substantial dips in 2021. The fourth wave of COVID-19 transmissions was much less severe than expected in January, with the number of recorded cases (and the severity of those cases) significantly lower than during the third wave in mid-2021.

But activity in other industries and services remains weak, as declining real household incomes have weighed on domestic demand. Despite the recovery in mobility at retail and transport venues, World Bank household survey results from April 2022 suggest that real consumption – particularly of discretionary non-food items – had declined from a year earlier. Household survey results indicate that job losses, reduced work hours and lower wages and incomes from household farms and businesses have all contributed to a reduction in nominal household incomes. Real household incomes were further eroded by sharply rising inflation, with the latest available data indicating that CPI inflation accelerated to 17.3 percent (yoy) in March, driven by sharp increases in the prices of food and fuel. The weakness in private consumption was corroborated by the May 2022 firm survey results, which indicated that retail and wholesale firms' sales had fallen by more than a quarter from a year earlier.

Rising costs have affected the operations of all businesses, squeezing profit margins. Increases in global oil prices – exacerbated by the Ukraine conflict – have driven pronounced increases in domestic fuel prices and transport costs, as well as in the cost of running diesel generators to compensate for recurring electricity outages. Over the first half of 2022, the local price of fuel rose by around 70 percent. Kyat depreciation, supply chain disruptions and the spillover effects of higher transport prices have resulted in price increases for a broader range of imported inputs, squeezing already thin profit margins. Increases in the price of fertilizer and other agricultural inputs have prompted a reduction in their use, with negative implications for future crop yields.

Despite a narrowed current account deficit, external balance of payment pressures have become acute. The current account deficit narrowed in the year ended September 2021, due to a narrower goods trade deficit (with imports contracting by more than exports in FY2021), sharply lower travel and other services receipts, and a 30 percent decline in recorded overseas remittances. But there were more pronounced pressures on the financial account, with foreign direct investment down by about two thirds from the previous year, substantial outflows of foreign currency deposits, and sharp declines in other net financing flows through the year.

Together these resulted in a recorded reduction in foreign exchange reserves of close to US$ 1 billion in the September quarter 2021. To the extent that these trends have continued, it is plausible that foreign exchange reserves have fallen to insufficient levels as at mid-2022 (with some reserves also inaccessible due to foreign sanctions). More recent data indicates that the US dollar value of goods imports has increased by more than goods exports in the first half of 2022, driven largely by rising imports of intermediate inputs, while FDI commitments remained very weak. This implies that neither net trade flows nor FDI flows have provided additional support to the balance of payments this year.

External pressures have been compounded by reversals of previous policy reforms. Undoing previous gains in macro-economic management, the authorities abandoned the managed float exchange rate regime, fixing the official reference exchange rate at an overvalued level not reflective of market supply and demand. In a bid to stem foreign exchange pressures the authorities also imposed foreign exchange restrictions. This has led to shortages of US dollars and a growing spread between official and parallel market rates (which had reached around 20 percent as at mid-July). In combination with onerous import license requirements, these foreign exchange restrictions have led to particularly significant impacts on the domestic supply of fuel, resulting in shortages and the emergence of a parallel fuel market to circumvent the authorities' efforts to impose price controls. Meanwhile, the imposition of kyat conversion and surrender requirements on foreign exchange earnings (and deposits) has effectively acted as a tax on exporters, with signs that the external price competitiveness of agricultural exports has been adversely affected since these measures were imposed in April. A recent central bank direction requiring banks to facilitate the temporary suspension of foreign loan repayments is intended to ease external liquidity pressures, but if implemented will likely reduce the creditworthiness and market access of Myanmar's corporate and financial sectors.

While cash liquidity constraints appear to be easing, weak financial sector balance sheets are constraining credit growth. Discussions with industry representatives indicate that non-performing loan and delinquency rates are high, having continued to rise since the start of the pandemic in 2020, with banks providing relief and rescheduling repayments on a customer-by-customer basis. Ongoing declines in asset quality have in turn prompted a cautious approach to new lending. While withdrawal limits remain in place, it has become easier to obtain kyat from ATMs and bank branches, in part due to a recovery in bank deposits.

The fiscal position has deteriorated, accompanied by shift of public spending away from critical public services. Tax collection declined from 6.5 percent of GDP in FY2020 to 4.9 percent of GDP in FY2021. Losses in large energy State Economic Enterprises (SEEs) have also contributed to an overall decline in revenue (in nominal kyat terms) of almost 30 percent. The fiscal deficit rose to around 9 percent of GDP in FY2021, with spending also falling – due to weak budget execution – but by less than the decline in revenue. Given reductions in other financing sources, there has been a return to reliance on central bank financing, in another sign of reversal of previous macro-fiscal reforms. Despite the critical importance of health, education, and social protection for livelihoods and human capital accumulation, public spending on these services has declined and budget allocations to these sectors have been sharply curtailed.

The impacts of COVID-19 and the aftermath of the military coup are estimated to have erased nearly a decade of poverty reduction progress. Estimates based on the latest available data indicate that poverty has doubled compared with its level in March 2020, with about 40 percent of the population now living below the national poverty line in 2022, matching levels of poverty a decade ago. Inequality is estimated to have worsened, with those already poor falling into deeper destitution. Moreover, household survey data indicate a movement of labor away from service industries and into agriculture over the past 18 months, as internal migration from cities to rural areas has been used as a coping mechanism to deal with job loss. However, this shift to lower productivity agriculture implies an overall decline in labor productivity, which in turn has dampened household incomes. Lower household incomes in conjunction with higher food and fuel prices and ongoing credit/liquidity constraints have magnified risks of food insecurity, though these risks may have been at least partially offset by a pick-up in subsistence production. Household surveys indicate that coping mechanisms are under increasing strain, with over half of all households reporting cuts to non-food consumption, and significant proportions across the income distribution reporting cuts to food consumption, borrowing from friends and family, and sales of assets. While livelihoods have come under increased stress since 2020, public sector support has declined sharply, with virtually no households reporting receiving any form of social assistance in May 2022, in contrast to the 43 percent of households which reported receiving cash assistance in October 2020.

Amid persistent domestic and external headwinds, the economy is projected to only recover modestly in FY2022, implying continued pressure on incomes and livelihoods. Following the estimated 18 percent contraction in FY2021, GDP is projected to increase by 3 percent in the year to September 2022. The absence of a substantial rebound in FY2022 – with GDP still around 13 percent lower than in 2019 – is indicative of the severe supply- and demand-side constraints that continue to impact economic activity. At the aggregate level, the slight upward revision of our growth projection from the 1 percent growth forecast in the January MEM reflects the much less severe than expected impact of the fourth wave of COVID-19 in February and March. The manufacturing and construction sectors are driving most of the modest growth expected this year, with services sector activity constrained by weak demand and agricultural production hampered by higher input prices, logistics constraints, and conflict. Inflation is projected to remain elevated given persistent impacts from kyat depreciation, logistics constraints, and still-high global prices (despite a recent easing in some food and fertilizer prices). CPI inflation is projected to average 15 percent in FY22, with year-on-year inflation peaking in the second half of the year). The current account deficit is expected to widen slightly, with goods imports increasing by more than goods exports in the year to date, and services exports expected to remain weak. The fiscal deficit is expected to remain elevated in the twelve months to September 2022. Both expenditure and revenue outturns worsened significantly in FY21, and only a partial improvement in each is expected in the following 12 months.

Table ES 1: Economic data and FY22 projections

	FY17/18	FY18/19	FY19/20	FY20/21e	FY21/22f
Real GDP growth at constant factor prices	6.4%	6.8%	3.2%	-18%	3%
Inflation (Consumer Price Index), year average	5.9%	8.5%	5.8%	3.6%	15.0%
Current Account Balance (% of GDP)	-4.7%	-0.2%	-2.0%	-1.4%	-1.6%
Fiscal Balance (% of GDP)	-2.9%	-3.2%	-7.0%	-9.2%	-7.5%

Beyond 2022, the baseline outlook remains weak. On one hand, electricity disruptions appear to have eased with the onset of the rainy season (though structural constraints to supply remain), cash liquidity is more readily accessible, and mobility is trending upwards, with business activity in the main cities showing signs of normality. On some measures, business expectations about the future have strengthened. But household incomes have weakened, and coping mechanisms appear to be under increasing strain, limiting the potential for a pick-up in consumption. With global commodity prices remaining at relatively high levels and persistent downward pressure on the kyat exchange rate, domestic prices for food, fuel, and other imported inputs are likely to remain elevated over the short to medium term, constraining both production and domestic demand. The overall balance-of-payments situation is of growing concern, with foreign exchange shortages likely to continue to limit the availability of several imported items, including fuel and cooking oils. Elevated levels of conflict in some areas are expected to continue to constrain productive activity, particularly in agriculture. In conjunction with the deterioration in the policy environment described below, these constraints imply that a return to pre-pandemic levels of economic activity in Myanmar is unlikely in the near term. This sharply contrasts with the situation in the rest of the East Asia and Pacific region, where GDP in all large countries has already recovered to above 2019 levels or is projected to do so in 2023.

Downside risks are elevated. With the exchange rate already under pressure and foreign reserves likely to have fallen to low levels, a further deterioration of the external position is a significant risk. This would ultimately require more painful adjustments to import volumes and prices, with particularly harsh effects on the poorest and most vulnerable. There are ongoing risks that conflict could become even more disruptive and spread to other parts of the country. Any further escalation would further reduce demand, strain logistics and supply chains, and increase the operating constraints faced by firms. Myanmar also remains highly vulnerable to other sources of risk, including a resurgence of COVID-19 or a natural disaster, which would severely test the authorities' capacity to respond.

Recent policy reversals are likely to have longer-term effects: inhibiting potential growth, worsening macroeconomic instability, and impairing the efficient allocation of resources. The overvalued official exchange rate, in conjunction with foreign exchange and trade restrictions, has worsened foreign currency shortages and impaired the competitiveness of Myanmar's export-oriented manufacturing and agricultural firms. The apparent return to relying on central bank financing to fund large budget deficits will heighten pressure on inflation and the exchange rate. A heavy-handed approach to the promotion of import substitution and self-sufficiency – through the institution of import and export trade license requirements, import bans and quotas, and support for import-competing activities such as steel mills and sunflower production – has curtailed imports of producer inputs and consumer goods, increased the administrative costs of trade, and reversed much of the increased openness and liberalization that has been a key driver of Myanmar's strong growth over much of the decade prior to the coup.

These policy changes are indicative of a broader shift in the way the economy is governed, **with longer-term implications for Myanmar's growth and development potential.** The measures described above all allow the authorities greater control over the allocation of resources in the economy (including through provision of access to foreign exchange, import licenses, regulatory exemptions, etc) raising risks of misallocation of resources to connected firms and individuals at the expense of more efficient uses. Observers have noted this broader shift away from a stable market-based system that is governed by the rule of law, and toward a system of policy making and governance that is less predictable, less clearly communicated, and characterized by more discretion in the enforcement of rules and regulations.[1] The lessons from Myanmar's economic history suggest that to the extent these trends continue, investor confidence will remain weak and the business environment will continue to suffer, constraining Myanmar's growth potential over the longer-term.

[1] Economic Research Hub. 2022. *Myanmar's Economic Governance after the Coup: Changes in Policy and Practice.*